Teksti: Ko Lin

# မြန်မာတိုင်းရင်းသားပေါင်းစုံ အသင်း၏ အခြေခံကွန်ပျူတာသင်တန်း

ဖင်လန်နိုင်ငံ ယူဗာစကူးလား မြို့ တွင်နေထိုင်ကြသော မြန်မာတိုင်းရင်းသားများအတွက် အခြေခံ ကွန်ပျူတာသင်တန်းကို ဖွန်လတွင် စတင်ပြီးဖွင့်လှစ် သင်ကြားပေခဲ့သည်၊ ထိုကွန်ပျူတာ သင်တန်းကိုမြန်မာတိုင်းရင်းသားပေါင်းစုံ အသင်း (ABNSA ) မှဦးစီးပြီး ဖွင့်လှစ်သင်းကြားပေးခြင်းဖြစ်သည်၊

## ကွန်ပျူတာသင်းတန်း၏ ရည်ရွယ်ချက်

မြန်မာတိုင်းရင်းသားပေါင်းစုံ အသင်းသည် မိမိတို့ မြန်မာတိုင်းရင်းသားများ ဖင်လန်နိုင်ငံတွင် ရောက်ရှိနေထိုင်ကြရာတွင် အားလုံးအတွက် အသုံးဝင်သော ကွန်ပျူတာ အသုံးပြုနည်းများကို နားလည်ထားကြရန်၊ ဖင်လန် ဘာသာသင်ကျောင်းများတွင်လည်း ကွန်ပျူတာပညာကို သင်ပေးနေသောလည်း အများစုမှာ ဘာသာ စကား အခက်အခဲများရှိနေ သောကြောင့် ယခုလို မြန်မာဘာသာဖြင့်သင်နိုင်အောင် ကျိုးစားပြီး ကွန်ပျူ တာ သင်တန်းကျောင်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်၊

ကွန်ပျူတာပညာသည် မည်သူမဆို သိသင့်သိထိုက်သော ပညာတစ်မျိုးဖြစ်သောကြာင့် မြန်မာတိုင်းရင်းသားများအတွက်လည်း မြန်မာဘာသာ ဖြင့်ကွန်ပျူတာသုံးနည်းများ၊ အခြားအခြေခံအင်တာနက် သုံးနည်းများ၊ ကွန်ပျူတာအခြေခံ ပရိုဂရမ်များ၊ အီးလ်မေးပို့ နည်း၊ အင်တာနက် ဘဏ်အသုံးပြုပုံများ၊ အခြားသော ကွန်ပျူတာအခြေခံ ပညာများ၊ ငွေကြေးဆိုင်ရာ စာရင်းအသုံးပြုနည်းများ နှင့်ပတ်သက် သော ပရိုဂရမ်များ သင်ကြားခဲ့သည်။

## ကွန်ပျူတာသင်တန်း အကူအညီပေးသူများ

ယူဗားစကူးလားမြို့ တွင်နေထိုင်ကြသောမြန်မာတိုင်းရင်းသားများအနေနှင့် မိမိကိုယ်ပိုင် ကွန်ပျူတာများ ရှိသောလည်း ကွန်ပျူတာအသုံးပြုနည်းများကို ကျွမ်းကျွမ်းကျင်ကျင် အသုံးမပြုနိုင်သေးကြောင်း ပြောဆိုလာသောကြောင့် မြန်မာတိုင်းရင်းသားပေါင်းစုံ အဖွဲ့ မှစီစဉ်ပေးရန် ဆုံးဖြတ် ပြီးကွန်ပျူတာသင်တန်းကျောင်းကို ယူဗာစကူးလားမြို့ ရှိ ပါလာပဲလီ ( PALAPELI ) ကျောင်းနှင့် တိုင်ပင် ဆွေးနွေးပြီး ကွန်ပျူတာသင်တန်းအတွက် ကျောင်းနေရာကို အကူအညီ ရယူခဲ့သည်၊ ယူဗားစကူးလား မြို့ ဆိုရှယ် ရုံးမှလည်း လိုအပ်သော စာရွက်စာတမ်းများကို အကူအညီပေးသည်၊ ကွန်ပျူတာ သင်တန်း အတွက် သင်ပြပေးသူမှာ မြန်မာတိုင်းရင်းသားပေါင်းစုံ အသင်းမှ အဖွဲ့ ဝင် တစ်ဦးဖြစ်သော ထိုက်မင်း မှ သင်ပြပေးသည်၊

# ကွန်ပျူတာ သင်တန်း အချိန် နှင့် သင်တန်းသားဦးရေ

ကွန်ပျူတာသင်တန်းကို သင်တန်းသား စုစုပေါင်း ၁၄ ဦးဖြင့် ဖွင့်လှစ်သင်ကြားခဲ့သည်၊ ကွန်ပျူတာ သင်တန်း အချိန် ကို ဖွန်လ ၃ ရက် နေ့ မှ စတင်ပြီး ညနေ ၄ နာရီ မှ ညနေ ၆ နာရီ အထိ တစ်ရက် ကို ၂ နာရီ သင်ကြားခဲ့သည်၊ သင်တန်းချိန် စုစု ပေါင်း နာရီ ၂၀ သတ်မှတ်ထားသည်၊ကွန်ပျူတာ သင်တန်း ရက်များကို တစ်ပတ်လျှင် ၂ ရက် ဖြင့် စုစုပေါင်း ရက်သတ္တပတ် ၅ ပတ်သတ်မှတ် ပြီး သင်ပြပေးသွား ခဲ့သည်၊

မြန်မာတိုင်းရင်းသားပေါင်းစုံ အသင်းမှ ယခု ဖွင့်လှစ်သော ကွန်ပျူတာ သင်တန်း ကို အောင်မြင်စွာသင် ကြားပြီးနောက် မြန်မာတိုင်းရင်းသား ကလေးငယ်များ အတွက် မြန်မာ ဘာသာ စာသင်ကျောင်းကို ဖွင့်လှစ်နိုင်ရန် စီစဉ်ထားသည်၊မြန်မာတိုင်းရင်းသားများနှင့်ပတ်သက်သော သတင်း များ၊ လုပ်ဆောင် နေသော အလုပ်အကိုင်များကို မြန်မာတိုင်းရင်းသားပေါင်းစုံ အင်တာနက် ဝက်ဆိုက် တွင်သွား ရောက်ကြည့်ရှုနိုင်သည်၊ (http://www.abnsa.fi/ ) မြန်မာ၊ အင်္ဂလိပ်၊ ဖင်းနစ် ဘာသာများ ဖြင့် တည်ဆောက်ထားသည်၊